**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**

အမိန့်ကြော်ငြာစာအမှတ်- ၁၃ / ၂၀၁၅
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

## စာရင်းလုပ်ငန်းအမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ရှိသူသတ်မှတ်ခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂ (၃) ပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် စာရင်းလုပ်ငန်းများ၊ အောက်ဖော်ပြပါ စာရင်းလုပ်ငန်းများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများကို အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားသူများသာဆောင်ရွက်ခွင့်ရှိသည်-

(က) Statutory Audit (including component auditor performance),
(ခ) Forensic Audit,
(ဂ) Review Engagement,
(ဃ) Assurance Engagement,
(င) Agreed upon Audit Procedure (including Independent Internal Audit)
(စ) စာရင်းဖော်ပြချက်၊ ကြေညာချက်၊ လုပ်ငန်းအလားအလာညွှန်းတမ်း၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင် ပြင်ပစာရင်းစစ်အဖြစ် ထောက်ခံလက်မှတ် ရေးထိုးခြင်းများ

၂။ မည်သူမဆို အောက်ဖော်ပြပါလုပ်ငန်းများကို အချိန်ပြည့်ဝန်ထမ်းအနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြင်ပမှဆောင်ရွက်ပေးသူအဖြစ်လုပ်ကိုင်လိုပါက တစ်ဦးချင်းဖြစ်စေ၊ လုပ်ငန်းအဖွဲ့အလိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံစာရင်းကောင်စီတွင်လျှောက်ထား၍ မှတ်ပုံတင်ရမည်။ ကောင်စီ၏ခွင့်ပြုချက်ရမှသာ ထိုလုပ်ငန်းများ ကိုဆောင်ရွက်ခွင့်ရှိသည်-

(က) Bookkeeping / financial accounting,
(ခ) Cost & management accounting,
(ဂ) Preparation, compilation or reporting of financial statements,
(ဃ) Financial management consultancy,
(င) Investment consultancy,
(စ) Tax consultancy, Tax filing, Tax Calculation
(ဆ) Company registration and secretarial services,
(ဇ) Liquidation, Insolvency and receivership,
(ဈ) Accounting system design, development and implementation,
(ည) Accounting system review and analysis,
(ဋ) Internal Audit
(ဌ) Accounting Education Establishment

(ဍ)	Share Valuation,

(ဎ)	Business Valuation,

(ဏ)	ကောင်စီကအခါအားလျော်စွာသတ်မှတ်သည့် အခြားစာရင်းလုပ်ငန်းများ

၃။	အထက်အပိုဒ် ၂ လုပ်ငန်းများလျှောက်ထားရာတွင် အောက်ဖော်ပြပါ အခကြေးငွေများ ပေးသွင်းရမည်-

(က)	တစ်ဦးချင်းအတွက်

| | | ကျပ် |
|---|---|---|
| (၁) | လျှောက်လွှာကြေး | ၁၀,၀၀၀ |
| (၂) | စတင်လျှောက်ထားခြင်း | ၁၀၀,၀၀၀ |
| (၃) | နှစ်စဥ်သက်တမ်းတိုးခြင်း | ၁၀၀,၀၀၀ |

(ခ)	လုပ်ငန်းအဖွဲ့

| | | |
|---|---|---|
| (၁) | လျှောက်လွှာကြေး | ၁၀,၀၀၀ |
| (၂) | စတင်လျှောက်ထားခြင်း | ၃၀၀,၀၀၀ |
| (၃) | နှစ်စဥ်သက်တမ်းတိုးခြင်း | ၃၀၀,၀၀၀ |

၄။	အပိုဒ် ၂ ပါလုပ်ငန်းများကို နိုင်ငံခြားသား/နိုင်ငံခြားလုပ်ငန်းအဖွဲ့အစည်းများက လုပ်ကိုင်ပါက ဝန်ထမ်းခန့်ထားမှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက/ ၇၀၄ /( ၉၈၀ /၂၀၁၅)	ရက်စွဲ၊ ၁၆ -၁၂-၂၀၁၅

ဖြန့်ဝေခြင်း
ကြော်ငြာသင်ပုန်း

မိတ္တူ
မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်များအားလုံး
အမိန့်ကြော်ငြာစာဖိုင်
ရုံးလက်ခံ/မျှောစာတွဲ